**ကန့်သတ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
## ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့်ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းကော်မတီ

အကြောင်းအရာ။ **ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံ**

စာအမှတ်၊ ၄၃၄၅ (၃၄၉၉) / ၁၄-၀၅ / ဦး ၄

ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၁၉ ရက်

**ကန့်သတ်**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁-၁ |
| ၂။ | လုပ်ငန်းတာဝန်များ | ၃-၃ |
| ၃။ | ရည်ရွယ်ချက် | ၃-၃ |
| ၄။ | ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီအစည်းအဝေးများ ပြုလုပ်ခြင်း။ | ၃-၃ |
| ၅။ | ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလက်စွဲ ရေးဆွဲပြုစုခြင်း | ၄-၄ |
| ၆။ | ငွေကြေးခဝါချမှုဆိုင်ရာခြိမ်းခြောက်မှု(Threats)များကို အကဲဖြတ်ဖော်ထုတ်ခြင်း | ၄-၅ |
| ၇။ | ငွေကြေးခဝါချမှုဆိုင်ရာ အားနည်းချက်(Vulnerabilities)များကို အကဲဖြတ်ဖော်ထုတ်ခြင်း | ၅-၅ |
| ၈။ | ငွေကြေးခဝါချမှုဆိုင်ရာ အကျိုးဆက်(Consequences)များကို အကဲဖြတ်ဖော်ထုတ်ခြင်း | ၆-၆ |
| ၉။ | ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ(မူကြမ်း)ပြုစုခြင်း | ၆-၆ |
| ၁၀။ | ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာ တင်ပြခြင်း | ၇-၇ |
| ၁၁။ | အချိန်ကာလ | ၇-၇ |
| ၁၂။ | နိဂုံး | ၇-၇ |

ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့်ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်**
**အကဲဖြတ်ရေးလုပ်ငန်းကော်မတီ**

**ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့်ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်**
**အကဲဖြတ်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံ**

**နိဒါန်း**

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆(၈)၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကိစ္စများဆောင်ရွက်ရန် "ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ရေးကော်မတီကို ၂၁-၁၂-၂၀၂၁ ရက်နေ့တွင် အမိန့်အမှတ်(၁/၂၀၂၁)ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

၂။ ကော်မတီတွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်က ဥက္ကဋ္ဌ အဖြစ် ပါဝင်သော အဖွဲ့ဝင် (၁၂)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် -

| | | |
|---|---|---|
| (က) | ရဲမှူးချုပ် မျိုးသူစိုး<br>အဖွဲ့ခေါင်းဆောင်<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးသူရိန်အောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးသန်းစိုးဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နှင်းသန့်ဖြူ<br>ဒုတိယညွှန်ကြားရေးမှူး<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

ကန့်သတ်

( င )　ဦးဆန်းလင်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

( စ )　ဦးရန်နိုင်လွင်　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ)　ဒေါ်ကြေးမုံ　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ဇ )　ဦးလင်းဝေအောင်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

( ဈ )　ဒေါ်ခိုင်ခိုင်နွယ်　　အဖွဲ့ဝင်
တွဲဖက်အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ည)　ဦးမြတ်နိုးအောင်　　အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

( ဋ )　ဦးအောင်ဆွေဦး　　အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

( ဌ )　ဒုတိယရဲမှူးကြီး ရဲထွဋ်လှိုင်　　တွဲဖက်အတွင်းရေးမှူး
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

**လုပ်ငန်းတာဝန်များ**

၃။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်မည့် လက်စွဲလမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း။

(ခ) လက်စွဲလမ်းညွှန်ချက်ထုတ်ပြန်နိုင်ရန် FATF သို့ နည်းပညာအကူအညီတောင်းခံခြင်းနှင့် နိုင်ငံတကာစံနှုန်းများ လေ့လာပြုစုခြင်း။

(ဂ) ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)ကဏ္ဍ၌ ငွေကြေးခဝါချမှုဖြစ်ပေါ်နိုင်သည့် အားနည်းချက်များ၊ ယင်းကဏ္ဍအပေါ် အသုံးချနိုင်သည့် အခြေအနေများနှင့် ထိုသို့ ဖြစ်ပေါ်လာပါက ပေါ်ပေါက်လာနိုင်သည့်အကျိုးဆက်များအား ဖော်ထုတ်၍ အဆိုပါ ကဏ္ဍမှတစ်ဆင့် ငွေကြေးခဝါချခြင်းများမဖြစ်စေရန် မည်ကဲ့သို့ ကြိုတင်ကာကွယ် ခြင်းများ ဆောင်ရွက်မည်ဟူသည့် အစီအမံများလုပ်ဆောင်နိုင်ရေး ကုမ္ပဏီအဖွဲ့ အစည်းများ (Legal Persons)ကဏ္ဍတွင် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ် ရှိမှုကို အကဲဖြတ်ဆောင်ရွက်ရန်။

(ဃ) ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာ ပြုစုတင်ပြခြင်း။

**ရည်ရွယ်ချက်**

၄။ ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်။

**ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ရေးကော်မတီ အစည်းအဝေးများပြုလုပ်ခြင်း**

၅။ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးခေါ်ယူ၍ ကော်မတီ၏လုပ်ငန်းတာဝန် များအား ရှင်းလင်းဆွေးနွေးခြင်း။

(ခ) ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ရေးလက်စွဲမူကြမ်း ပြုစုနိုင်ရေးဆွေးနွေးခြင်း။

( ဂ )	အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ်များအလိုက် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ခြင်း။

**ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလက်စွဲ ရေးဆွဲပြုစုခြင်း**

၆။	အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

(က)	အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်မှုနည်းလမ်း (IMF Staff NRA Methodology)ကို လေ့လာသုံးသပ်ခြင်း။

( ခ )	မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်မှု အစီရင်ခံစာကို လေ့လာသုံးသပ်ခြင်း။

( ဂ )	ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ရေးလက်စွဲ ရေးဆွဲပြုစုခြင်း။

(ဃ)	ကော်မတီအစည်းအဝေးပြုလုပ်၍ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလက်စွဲ အတည်ပြုခြင်း။

**ငွေကြေးခဝါချမှုဆိုင်ရာခြိမ်းခြောက်မှု (Threats)များကို အကဲဖြတ်ဖော်ထုတ်ခြင်း**

၇။	ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလက်စွဲနှင့်အညီ ငွေကြေးခဝါချမှုဆိုင်ရာခြိမ်းခြောက်မှု (Threats) များကို အောက်ပါအတိုင်းအကဲဖြတ်ဆောင်ရွက်မည်ဖြစ်ပါသည် -

(က)	**ခြိမ်းခြောက်မှု(Threat)ဆိုင်ရာသတင်းအချက်အလက်များစုဆောင်းခြင်း။** အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

(၁)	ကုမ္ပဏီအဖွဲ့အစည်းများတွင် တည်ရှိနေနိုင်သည့် ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ(POC)နှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များ စုဆောင်းခြင်း။

(၂)	ငွေကြေးခဝါချမှုဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် စပ်လျဉ်းသည့် စစ်တမ်း (Survey)များ အသုံးပြု၍ သတင်းအချက်အလက်များကောက်ယူစုဆောင်းခြင်း။ (လိုအပ်ပါက)

(ခ)	**ခြိမ်းခြောက်မှု(Threat)ဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း။** ခြိမ်းခြောက်မှု (Threat)ဆိုင်ရာ သတင်းအချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်းကို

ဆွေးနွေးပွဲများ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

(၁) ခြိမ်းခြောက်မှု(Threats)များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း။

(၂) ခြိမ်းခြောက်မှု(Threats)ဆိုင်ရာ သတင်းအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာမည့် နည်းလမ်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း။

(၃) စုဆောင်းရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ ခြိမ်းခြောက်မှု (Threats) များကို ခွဲခြမ်းစိတ်ဖြာခြင်း။

(၄) ခွဲခြမ်းစိတ်ဖြာမှုရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးအတည်ပြုခြင်း။

**ငွေကြေးခဝါချမှုဆိုင်ရာအားနည်းချက် (Vulnerabilities)များကို အကဲဖြတ်ဖော်ထုတ်ခြင်း**

၈။ ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလက်စွဲနှင့်အညီ ငွေကြေးခဝါချမှုဆိုင်ရာအားနည်းချက် (Vulnerabilities) များကို အောက်ပါအတိုင်းအကဲဖြတ်ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) **အားနည်းချက်(Vulnerabilities)ဆိုင်ရာသတင်းအချက်အလက်များစုဆောင်းခြင်း။** အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

(၁) ကုမ္ပဏီအဖွဲ့အစည်း(Legal Persons)များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ စုဆောင်းခြင်း။ (ကုမ္ပဏီအဖွဲ့အစည်းများ၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအခြေအနေများ၊ ဖွဲ့စည်းမှုများ။)

(၂) အားနည်းချက်(Vulnerabilities)များနှင့် စပ်လျဉ်းသည့် သဘောထားစစ်တမ်းများပြုစု၍ သက်ဆိုင်ရာအဖွဲ့အစည်းများထံဖြန့်ဝေတောင်းခံခြင်း။

(ခ) **အားနည်းချက်(Vulnerabilities)ဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း။** အားနည်းချက်(Vulnerabilities)ဆိုင်ရာ သတင်းအချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်းကို ဆွေးနွေးပွဲများ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်၍ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

(၁) အားနည်းချက်(Vulnerabilities)များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း။

(၂) အားနည်းချက် (Vulnerabilities) ဆိုင်ရာ သတင်းအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာမည့် နည်းလမ်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း။

(၃) စုဆောင်းရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ အားနည်းချက် (Vulnerablilities) များကို ခွဲခြမ်းစိတ်ဖြာခြင်း။

(၄) ခွဲခြမ်းစိတ်ဖြာမှုရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးအတည်ပြုခြင်း။

**ငွေကြေးခဝါချမှုဆိုင်ရာအကျိုးဆက် (Consequences)များကို အကဲဖြတ်ဖော်ထုတ်ခြင်း**

၉။ ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလက်စွဲနှင့်အညီ ငွေကြေးခဝါချမှုဆိုင်ရာ အကျိုးဆက်(Consequences) များကို အောက်ပါအတိုင်းအကဲဖြတ်ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) **အကျိုးဆက်(Consequences)ဆိုင်ရာသတင်းအချက်အလက်များစုဆောင်းခြင်း။** အကျိုးဆက်များနှင့်စပ်လျဉ်းသည့် သဘောထားစစ်တမ်းများပြုစု၍ သက်ဆိုင်ရာ အဖွဲ့အစည်းများထံ ဖြန့်ဝေပြီး သတင်းအချက်အလက်များ ကောက်ယူစုဆောင်းမည်ဖြစ်ပါသည်။

(ခ) **အကျိုးဆက်(Consequences)ဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း။** အကျိုးဆက်(Consequences)ဆိုင်ရာ သတင်းအချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်းကို ဆွေးနွေးပွဲများ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်၍ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

(၁) အကျိုးဆက်(Consequences)များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း။

(၂) အကျိုးဆက်(Consequences)ဆိုင်ရာ သတင်းအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာမည့် နည်းလမ်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း။

(၃) စုဆောင်းရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ အကျိုးဆက် (Vulnerablilities) များကို ခွဲခြမ်းစိတ်ဖြာခြင်း။

(၄) ခွဲခြမ်းစိတ်ဖြာမှုရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးအတည်ပြုခြင်း။

(၅) ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာ(မူကြမ်း)ပြုစုခြင်း။

**ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ(မူကြမ်း)ပြုစုခြင်း**

၁၀။ ကော်မတီအနေဖြင့် အစည်းအဝေးပြုလုပ်၍ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) ငွေကြေးခဝါချမှုဆိုင်ရာ ခြိမ်းခြောက်မှု(Threats)များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ အားနည်းချက် (Vulnerabilities)များကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အကျိုးဆက်(Consequences)များကို ခွဲခြမ်းစိတ်ဖြာခြင်းများမှ ရရှိသော အချက်အလက်များကို အခြေခံ၍ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အဆင့်ကို သုံးသပ်အတည်ပြုခြင်း။

(ခ) လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များပါဝင်သည့် ကုမ္ပဏီအဖွဲ့အစည်း (Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ(မူကြမ်း) ပြုစုခြင်း/အတည်ပြုခြင်း။

**ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာတင်ပြခြင်း**

၁၁။ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးကော်မတီသည် လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များ ပါဝင်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့က ပြုလုပ်သည့် အနီးဆုံးအစည်းအဝေးတွင် အစီရင်ခံတင်ပြမည်ဖြစ်ပါသည်။

**အချိန်ကာလ**

၁၂။ ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှု ဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီသည် **အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအား ၂၀၂၂ ခုနှစ် ဇန်နဝါရီလ မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ အထိ** အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများကို အောက်ပါအတိုင်း နောက်ဆက်တွဲများဖြင့် ဖော်ပြထားပါသည် -

(က) အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် တာဝန်များ။ **နောက်ဆက်တွဲ (က)**

(ခ) အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်အလိုက်အချိန်ဇယား။ **နောက်ဆက်တွဲ(ခ)**

**နိဂုံး**

၁၃။ ကုမ္ပဏီအဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းစဉ်သည် ပြစ်မှုကျူးလွန်သူများမှ ကုမ္ပဏီအဖွဲ့အစည်းများကို တလွဲအသုံးပြု၍ ပြစ်မှုကျူးလွန်ခြင်းမှ ကာကွယ်ခြင်း၊ တားဆီးခြင်း၊ ဖော်ထုတ်ခြင်း၊ အရေးယူခြင်း ပြုလုပ်နိုင်ရေး အတွက် ဆောင်ရွက်ချက်ဖြစ်ပါသည်။ အကဲဖြတ်ရေးလုပ်ငန်းစဉ်မှ တွေ့ရှိရသည့် ချို့ယွင်းအားနည်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အကျိုးစီးပွားများ ရရှိနိုင်မည်ဖြစ်ပါသည်။

ဥက္ကဋ္ဌ

ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့်

ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီ

စာအမှတ်၊ ၄၃၄၅ ( 3499 ) / ၁၄-၀၅ / ဦး ၄

ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန် လ 19 ရက်

**ကန့်သတ်**

**၈**

**ဖြန့်ဝေခြင်း**

အဖွဲ့ဝင်များအားလုံး၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီ

မိတ္တူကို

မျော/လက်ခံ

နောက်ဆက်တွဲ(က)

## အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် တာဝန်များ

| စဉ် | လုပ်ငန်းစဉ်များ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း | | |
|---|---|---|---|---|
| | | ကော်မတီရုံးအဖွဲ့ | ကော်မတီအဖွဲ့ဝင်များ | ဆက်စပ်အဖွဲ့အစည်းများ |
| ၁။ | ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီ အစည်းအဝေးများပြုလုပ်ခြင်း | * | * | |
| ၂။ | ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလက်စွဲ ရေးဆွဲပြုစုခြင်း။ | * | * | |
| ၃။ | ငွေကြေးခဝါချမှုဆိုင်ရာခြိမ်းခြောက်မှု (Threats)များကို အကဲဖြတ်ဖော်ထုတ်ခြင်း- | | | |
| | (က) ခြိမ်းခြောက်မှု (Threat)ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း။ | * | | |
| | (ခ) ခြိမ်းခြောက်မှု (Threat)ဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း။ | | * | * |
| ၄။ | ငွေကြေးခဝါချမှုဆိုင်ရာ အားနည်းချက်(Vulnerabilities)များကို အကဲဖြတ်ဖော်ထုတ်ခြင်း | | | |
| | (က) အားနည်းချက်(Vulnerabilities)ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း။ | * | | |
| | (ခ) အားနည်းချက်(Vulnerabilities)ဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း။ | | * | * |
| ၅။ | ငွေကြေးခဝါချမှုဆိုင်ရာ အကျိုးဆက်(Consequences)များကို အကဲဖြတ်ဖော်ထုတ်ခြင်း | | | |
| | (က) အကျိုးဆက်(Consequences)ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း။ | * | | |
| | (ခ) အကျိုးဆက်(Consequences)ဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း။ | | * | * |
| ၆။ | ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ(မူကြမ်း)ပြုစုခြင်း | * | * | |
| ၇။ | ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ တင်ပြခြင်း | | * | |

နောက်ဆက်တွဲ(ခ)

## အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်အလိုက်အချိန်ဇယား

| စဉ် | အကြောင်းအရာ | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၀၂၂ ခုနှစ် | | | | | | | | | | | | ၂၀၂၃ ခုနှစ် | |
| | | | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | |
| ၁။ | ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးကော်မတီ အစည်းအဝေးများ ပြုလုပ်ခြင်း | | | | | | | | | | | | | | | |
| ၂။ | ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလက်စွဲ ရေးဆွဲပြုစုခြင်း | | | | | | | | | | | | | | | |
| ၃။ | ငွေကြေးခဝါချမှုဆိုင်ရာခြိမ်းခြောက်မှု (Threats) များကို အကဲဖြတ် ဖော်ထုတ်ခြင်း | ခြိမ်းခြောက်မှု(Threat)ဆိုင်ရာ သတင်းအချက် အလက်များ စုဆောင်းခြင်း | | | | | | | | | | | | | | |
| | | ခြိမ်းခြောက်မှု(Threat)ဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း | | | | | | | | | | | | | | |
| ၄။ | ငွေကြေးခဝါချမှု ဆိုင်ရာ အားနည်းချက် (Vulnera-bilities)များကို အကဲဖြတ် ဖော်ထုတ်ခြင်း | အားနည်းချက် (Vulnerabilities) ဆိုင်ရာ သတင်းအချက် အလက်များ စုဆောင်းခြင်း | | | | | | | | | | | | | | |
| | | အားနည်းချက်(Vulnerabilities)ဆိုင်ရာသတင်းအချက်အလက်များကို ခွဲခြမ်းစိတ် ဖြာခြင်း | | | | | | | | | | | | | | |
| ၅။ | ငွေကြေးခဝါချမှု ဆိုင်ရာ အကျိုးဆက်(Consequen-ces) များကို အကဲဖြတ် ဖော်ထုတ်ခြင်း | အကျိုးဆက်(Consequences)ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း | | | | | | | | | | | | | | |
| | | အကျိုးဆက်(Consequences)ဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း | | | | | | | | | | | | | | |
| ၆။ | ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေး ခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ (မူကြမ်း)ပြုစုခြင်း | | | | | | | | | | | | | | | |
| ၇။ | ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons)နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာတင်ပြခြင်း | | | | | | | | | | | | | | | |